တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ (၉-၁၁-၂၀၂၆)

အစည်းအဝေးမှတ်တမ်း အကျဉ်းချုပ်

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေ၊ ဆုံးဖြတ်ချက်နှင့် အတည်ပြုခြင်း
၁	**ဦးနိုင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်**က ကျောက်တန်းမြို့နယ်၊ ကဒပွန ကျေးရွာရှိ ချောင်းကမ်းပါးပြိုကျမှုအား မည်သည့်ဘဏ္ဍာနှစ်တွင် အမြန်ဆုံးဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**ပို့ဆောင်ရေးဝန်ကြီးဌာန**က ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ် ရန်ပုံငွေတွင်လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်ချိန်တွင် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၂	**ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်**က အစိုးရဘဏ်များ၌ အပ်နှံငွေများအား လိုအပ်သလောက်ထုတ်ယူခွင့်ပြုနိုင်ရေးအတွက် မူဝါဒ၊ နည်းပညာ၊ ဝန်ဆောင်မှုများကျင့်သုံးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်း ပါသည်။	**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**က ငွေပေးချေမှုစနစ်များ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အများပြည်သူများအနေဖြင့် ငွေသားသုံးစွဲမှု လျှော့ချပြီး အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားပါသည်။
၃	**ဦးလှဆွေ၊ ပုဗ္ဗသီရိမဲဆန္ဒနယ်**က တပ်ကုန်းမြို့၊ အောင်ဇေယျ ရပ်ကွက်၊ အ.ထ.က (၁) ကျောင်းခြံစည်းရိုးအနီးသို့ ပလက်ဖောင်း ပြောင်းရွှေ့ရန် ရေတို၊ ရေရှည်အစီအမံများ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်းမေးမြန်းပါသည်။	**နေပြည်တော်ကောင်စီ**က မူလပလက်ဖောင်းအဟောင်းအား ဖျက်၍ အသစ်တည်ဆောက်ခြင်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပြီး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေ၊ ဆုံးဖြတ်ချက်နှင့် အတည်ပြုခြင်း
၄	**ဒေါ်အေးအေးမြင့်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မဲဆန္ဒနယ်**က ဒဂုံမြို့သစ် အရှေ့ပိုင်းနှင့် မြောက်ပိုင်းမြို့နယ်များရှိ ထားဝယ်ချောင် အမှိုက်ပုံကြီးအား မည်သည့်အချိန်တွင် အမြန်ဆုံးရွှေ့ပြောင်းပေးမည်ကို သိရှိလိုခြင်း မေးမြန်းပါသည်။	**နေပြည်တော်ကောင်စီဝင်** က အမှိုက်စွန့်ပစ်ရန်မြေနေရာ ရှားပါးလာခြင်းကြောင့် ထားဝယ်ချောင်စွန့်ပစ်အမှိုက်ပုံအား ပိတ်သိမ်းနိုင်ခြင်း မရှိပါကြောင်းနှင့် အမှိုက်မှစွမ်းအင်ထုတ်လုပ်ခြင်းလုပ်ငန်း ပြီးစီးပါက စနစ်တကျအမှိုက်ပုံ ပိတ်သိမ်းသည့်နည်းစဉ်အတိုင်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၅	**ဦးမင်းခန့်ကျော်၊ ပဲခူးမဲဆန္ဒနယ်**က ပဲခူးတက္ကသိုလ်ဆောက်လုပ်ပြီးနောက် ကျန်ရှိသည့်မြေကေအား ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ပညာရေးအဆောက်အုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် အားကစားအဆောက်အအုံများ တည်ဆောက်ရန်လျာထား၍ လတ်တလော စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားပါသည်။
၆	**ဒေါက်တာမျိုးထွန်း၊ လားရှိုးမဲဆန္ဒနယ်**က ရှမ်းပြည်နယ်ရှိ ဆရာ/ ဆရာမ မပြည့်စုံသောကျောင်းများတွင် ဆရာ/ ဆရာမ ခန့်ထားပေးနိုင်ရေး၊ ပညာရေးကောလိပ်များတွင် ဒေသခံတိုင်းရင်းသားများပိုမိုတက်ရောက်ခွင့်ရရှိရေးနှင့် ပညာရေးဝန်ထမ်းများ ဌာနသို့ ပြန်လည်ဝင်ရောက်လိုပါက ဦးစားပေး ခန့်ထားနိုင်ရေးတို့အား ဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ရှမ်းပြည်နယ်ရှိပညာရေးဒီဂရီကောလိပ်များတွင် ဒေသခံများ ပိုမိုတက်ရောက်ခွင့်ရရှိရန် ဦးစားပေးခွင့်ပြုပေးလျက်ရှိကြောင်းနှင့် တာဝန်မှယာယီ ရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်းခံထားရသည့် ပညာရေးဝန်ထမ်းများ ပြန်လည်တာဝန်ထမ်းဆောင်လိုပါက နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်ထားနိုင်ရေး စီစစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေ၊ ဆုံးဖြတ်ချက်နှင့် အတည်ပြုခြင်း
၇	**ဦးအောင်ဆန်းလွင်၊ တနင်္သာရီမဲဆန္ဒနယ်**က မြိတ်မြို့တွင် ပညာရေးဒဂရီကောလိပ်တစ်ခု တည်ထောင်ဖွင့်လှစ်နိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က ပညာရေးဒီဂရီကောလိပ် ဖွင့်လှစ်ပေးရန် လတ်တလောတွင် အစီအစဉ်မရှိသေးပါကြောင်းနှင့် ကျောင်းသား/သူ အရေအတွက်များပြားလာပါက ကောလိပ်တည်ဆောက်ရန် လိုအပ်ချိန်တွင် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဖြေကြားပါသည်။
၈	**ဦးညွန့်ဝင်း၊ မြစ်ကြီးနားမဲဆန္ဒနယ်**က မြစ်ကြီးနားမြို့နယ်၊ အ.မ.က(၃) တွင် တစ်ထပ်ကျောင်းဆောင်တစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က (၆၀ x ၃၀) ပေ RCC (၁) ထပ် ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၉	**ဦးမြင့်စိုးဆင့်၊ မော်လိုက်မဲဆန္ဒနယ်**က မော်လိုက်မြို့၊ အခြေခံပညာ မူလတန်းကျောင်း၊ အမှတ် (၂) ၌ တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က (၆၀x၃၀) ပေ RCC (၁) ထပ်ကျောင်းဆောင် တည်ဆောက်ခြင်းအား လာမည့်ဘဏ္ဍာနှစ်များတွင် လျာထား၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ကွင်းဆင်းစစ်ဆေး၍ လိုအပ်ပါက (၁၂၀ x ၃၀) ပေ RCC (၁) ထပ်ဆောင်အစားထိုး စီစဉ်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၁၀	**ဒေါ်မြင့်စန္ဒာအောင်၊ မြောင်းမြမဲဆန္ဒနယ်**က မြောင်းမြမြို့နယ်၊ မူ(လွန်) ကွင်းပေါက်ကြီးကျောင်းအား တစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က (၉၀ x ၃၀) ပေ RCC (၁) ထပ် ကျောင်းဆောင် ဆောက်လုပ်ရန် နောင်လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း ဖြေကြားပါသည်။

စဉ်	မေးခွန်း၊ အဆိုနှင့် ဥပဒေကြမ်း	အဖြေ၊ ဆုံးဖြတ်ချက်နှင့် အတည်ပြုခြင်း
၁၁	**ဦးစိုးဝင်း၊ မြို့သစ်မဲဆန္ဒနယ်**က ဆားတဲကျေးရွာ၊ အလယ်တန်းကျောင်း၌ (၂) ထပ်ကျောင်းဆောင်သစ် ပြန်လည်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ မရှိ သိရှိလိုခြင်း မေးမြန်းပါသည်။	**ပညာရေးဝန်ကြီးဌာန**က (၁၁၀ x ၃၀) ပေ RCC (၂) ထပ် ကျောင်းဆောင်သစ်တည်ဆောက်ခြင်းကို လာမည့်ဘဏ္ဍာနှစ်များတွင် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားပါသည်။
၁၂	**ဒေါက်တာလှတင့်၊ ဗဟန်းမဲဆန္ဒနယ်**က “မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံ ပညာကျောင်းများတွင် ကလေးသူငယ်များ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေးအတွက် “ကျောင်းတွင်းအကြမ်းဖက်မှု ကင်းစင်ရေးမူဝါဒ (Zero-Tolerance Anti-Bullying and School Safety Policy” တစ်ရပ်ချမှတ်အကောင်အထည်ဖော်ရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို”	ယင်းအဆိုအား လွှတ်တော်ကိုယ်စားလှယ် (၁၁) ဦးက ဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းများဆောင်ရွက်ပြီး လွှတ်တော်က မှတ်တမ်းတင်ကြောင်း၊ တိုးတက်မှုကို စဉ်ဆက်မပျက် စောင့်ကြည့်သွားမည်ဖြစ်ကြောင်းနှင့် တိုးတက်မှုရလဒ်အပေါ်မူတည်၍ လိုအပ်သလို ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါသည်။
၁၃	အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော **“အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်း”**	အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် အချက် (၈၀) ကို ပြင်ဆင်ချက်မရှိ အတည်ပြုပြီး (၃၇) ချက်အား ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေအပိုဒ် ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါသည်။